အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
Women's League of Burma

## ကလေးမြို့ ဆုံးဖြတ်ချက် ကြေငြာစာတမ်းနှင့် ပါတ်သက်၍
## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ သဘောထား ထုတ်ပြန်ကြေငြာချက်

၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၉ ရက်

အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျရောက်သည့် ဇိုမီးအမျိုးသားကွန်ကရက်၏ ၂၂ နှစ်မြောက် အခမ်းအနားတွင် နိုင်ငံရေး အင်အားစုခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီရရှိရေး လှုပ်ရှားသူများ ပေါင်းစည်း၍ လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သော ကလေးမြို့ ဆုံးဖြတ်ချက်ကြေငြာစာတမ်းအား မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ အပြည့်အဝ ထောက်ခံကြိုဆိုပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသမီးထု၏ဘဝ မြင့်မားတိုးတက်ရေးသည် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးအပေါ် လုံးဝအခြေခံနေပြီး စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တရပ် တည်ဆောက်နိုင်မှသာ အမျိုးသမီးထုအပါအဝင် မြန်မာပြည်သူတရပ်လုံး ငြိမ်းချမ်းသာယာပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မည့် လူမှုဘဝအဆင့်ဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း မိမိတို့မှ အလေးအနက် လက်ခံယုံကြည်ထားပါသည်။

၎င်းယုံကြည်ချက်နှင့်အတူ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် သမိုင်းနောက်ခံမတူသော တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်း (၁၂) ဖွဲ့ဖြင့် ဖွဲ့စည်းထားကာ ကျားမတန်းတူရေး၊ ဒီမိုကရေစီရရှိရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက် နေသည့် အဖွဲ့ဖြစ်သည်။

ထို့ကြောင့် ဆုံးဖြတ်ချက်ကြေငြာစာတမ်းပါ အချက်များဖြစ်သည့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်မှုဖြင့် ဒီမိုကရေစီလိုလားသော တိုင်းရင်းသားပြည်သူအားလုံး ညီညွတ်ရေးမှသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးသို့ ဦးတည်သည့် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် တန်းတူရေးကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရန် တိုင်းရင်းသား ပြည်သူအားလုံး အတူတကွလက်တွဲပြီး ဒုတိယပင်လုံညီလာခံခေါ်ယူကျင်းပရန်ဟူသော နိုင်ငံရေးသဘောထားနှင့် လုပ်ငန်းစဉ် ၃ ရပ်ကို အကောင်အထည်ဖေါ်ဆောင်နိုင်ရေးအတွက် မိမိတို့အဖွဲ့ချုပ်အနေဖြင့်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိနအဖ စစ်အုပ်စုမှ တဖက်သတ်ပြင်ဆင်လျှက်ရှိသည့် စစ်အာဏာရှင်စနစ် ရာသက်ပန် ကြီးစိုးမည့် ၂၀၀၈ ဖွဲ့စည်းပုံကို အခြေခံသည့် လာမည့် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲသည်လည်း မြန်မာပြည်သူလူထုဘဝအား မည်သည့်အာမခံချက်မှ ပေးနိုင် မည်မဟုတ်ဟု မိမိတို့မှအခိုင်အမာ ယုံကြည်သည်။

သို့ဖြစ်ပါ၍ မိမိတို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီရရှိရေးနှင့် တိုင်းရင်းသားလူမျိုးတိုင်းအတွက် တန်းတူရေးကို အခြေခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရန် ပြည်တွင်း ပြည်ပရှိ တိုင်ရင်းသား ပြည်သူအားလုံး အနေနှင့် ကလေးမြို့ ဆုံးဖြတ်ချက် ကြေငြာစာတမ်းပါ နိုင်ငံရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖေါ်နိုင်ရေး အတွက် ဝိုင်းဝန်းလက်တွဲ ပါဝင်လုပ်ဆောင် သွားကြပါရန် တိုက်တွန်း နိုးဆော်လိုက်ပါသည်။

**ဆက်သွယ်ရန်**
မတင်တင်နွယ် – ၀၈၇၈၄၉၉၃၃၂
မတင်တင်ညို – ၀၈၁၀၃၂၂၈၈၂

P.O Box. 413 G P O Chiang Mai 50000 Thailand wlb@womenofburma.org www.womenofburma.org